# YANGON STOCK EXCHANGE

ရန်ကုန်စတော့အိတ်ချိန်းမှထုတ်ဝေသောသုံးလပတ်သတင်းလွှာ

ဧပြီလ၊ ၂၀၂၅ ခုနှစ် | စာစဉ်.၁၆




- **စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေခံသင်တန်းအပတ်စဉ် (၀၀၁/၂၀၂၅) ဖွင့်လှစ်ခြင်း။**
- **စာရင်းဝင်အကြိုဈေးကွက်အတွက်ဈေးကွက်မြှင့်တင်ရေး ခရီးစဉ်များသွားရောက်ခြင်း။**
- **(၃၈) ကြိမ်မြောက် အာဆီယံစတော့အိပ်ချိန်းများ၏အမှုဆောင်အရာရှိချုပ်များအစည်းအဝေးသို့အွန်လိုင်းမှတဆင့်တက်ရောက်ခြင်း။**
- **ရင်းနှီးငွေမြှင့်တင်ရေးနည်းလမ်းသစ်များဖော်ထုတ်နိုင်စေရေး Securities Companies (SCs)၊ Registration Advisors (RAs) များနှင့်ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ခြင်း**
- **စာရင်းဝင်ကုမ္ပဏီများ၏အရေးကြီးထုတ်ပြန်ချက်များ**
- **တတိယသုံးလပတ်အတွင်းစတော့ဈေးကွက်အခြေအနေများ**

## စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေခံသင်တန်းအပတ်စဉ်(၀၀၁/၂၀၂၅)ဖွင့်လှစ်ခြင်း

ရန်ကုန်စတော့အိပ်ချိန်း၏ စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေခံသင်တန်းအပတ် စဉ် (၀၀၁/၂၀၂၅) ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ စတော့ဈေးကွက်ကိုစတင်လေ့လာမည့်သူများနှင့် ရင်း နှီးမြှုပ်နှံသူများအနေဖြင့် စတော့ဈေးကွက်၏ အခြေခံသဘောတရားများကို အချိန်တိုအတွင်း အွန်လိုင်းမှတဆင့် လွယ်လင့်တကူလေ့လာသိရှိနိုင်စေရန်ရည်ရွယ်၍ YSX တွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် အရာရှိဝန်ထမ်းများနှင့် ပြင်ပမှဘဏ္ဍာရေးကျွမ်းကျင်သူ ပညာရှင်များကိုယ်တိုင် သင်ကြားပို့ချပေးသောသင်တန်းဖြစ်ပါသည်။ သင်တန်းကာလမှာ (၅) ပတ်ဖြစ်ပြီး သင်တန်းသား (၇၀) ကျော်တက်ရောက်ခဲ့ပါသည်။





## စာရင်းဝင်အကြိုဈေးကွက်အတွက်ဈေးကွက်မြှင့်တင်ရေးခရီးစဉ်များ သွားရောက်ခြင်း

ရန်ကုန်စတော့အိပ်ချိန်း၏ ဈေးကွက်မြှင့်တင်ရေးအဖွဲ့သည် စာရင်းဝင် အကြိုဈေးကွက်သို့ ဝင်ရောက်ရန်အလားအလာရှိသည့် ကုမ္ပဏီများသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဈေးကွက်မြှင့်တင်ရေး ခရီးစဉ်များ သွားရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်များအတွင်းဈေးကွက်မြှင့်တင်ရေးအဖွဲ့သည် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံကာ အကြံ ပေးဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်နှင့် ပင်မဈေးကွက်ဆိုင်ရာသိကောင်းစရာများကို မိတ်ဆက်မျှဝေခဲ့ကြပါသည်။

## (၃၈) ကြိမ်မြောက် အာဆီယံစတော့အိပ်ချိန်းများ၏ အမှုဆောင်အရာရှိချုပ်များအစည်းအဝေးသို့အွန်လိုင်းမှတဆင့်တက်ရောက်ခြင်း

(၃၈) ကြိမ်မြောက် အာဆီယံစတော့အိပ်ချိန်းများ၏ အမှုဆောင်အရာရှိချုပ်များ အစည်းအဝေး (38th ASEAN Exchanges CEOs Meeting) ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှ (၂၁) ရက်နေ့အထိဖိလစ်ပိုင်နိုင်ငံ၊ အက်လန်ပြည်နယ်၊ ဘိုရာကေးကျွန်းရှိ Shangri-La Boracay Hotel တွင်ကျင်းပခဲ့ရာ ရန်ကုန်စတော့အိပ်ချိန်းမှ အကြီးတန်းအရာရှိများ အွန်လိုင်းမှတဆင့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲအတွင်း Cross-border products, ESG, marketing ASEAN as an asset class ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဓိကထားဆွေးနွေးခဲ့ကြပါသည်။

## ရင်းနှီးငွေမြှင့်တင်ရေးနည်းလမ်းသစ်များ ဖော်ထုတ်နိုင်စေရေး Securities Companies (SCs)၊ Registration Advisors (RAs) များနှင့် ညှိနှိုင်းအစည်းအဝေး များ ဆောင်ရွက်ခြင်း

ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် စာရင်းဝင်ကုမ္ပဏီများအတွက် ရင်းနှီးငွေမြှင့်တင် ရေး နည်းလမ်းသစ်များ ဖော်ထုတ်နိုင်စေရန် ရည်ရွယ်၍ Securities Companies (SCs)၊ Registration Advisors (RAs) များနှင့်တွေ့ဆုံကာ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါသည်။ အစည်းအဝေးများ၏ အဓိကရည်ရွယ်ချက်မှာ ကုမ္ပဏီများ၏ အရင်းအနှီးလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်း များကို ဖော်ထုတ်ရန် ဖြစ်သည်။ အစည်းအဝေးအတွင်း SCs နှင့် RAs မှ ကိုယ်စား လှယ် များက ဈေးကွက်အခြေအနေ၊ လက်ရှိအခက်အခဲများ၊ အလားအလာရှိသော အခွင့်အလမ်းများနှင့် ၎င်းတို့၏ အမြင်များကို မျှဝေဆွေးနွေးခဲ့ကြပါသည်။

စာမျက်နှာ- ၂ သို့

## စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ

### ဇန်နဝါရီ - ဖေဖော်ဝါရီ- မတ် | ၂၀၂၅

**FMI**

- လက်အောက်ခံကုမ္ပဏီ၏ စာရင်းစစ် အစီရင်ခံစာ ပြီးစီးကြောင်းထုတ်ပြန်ကြေငြာခြင်း
- စက်တင်ဘာလအထိခြောက်လစာ စာရင်းစစ်အခြေအနေများတင်ပြခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များထုတ်ပြန်ကြေငြာခြင်း
- Head of Finance တာဝန်မှ နုတ်ထွက်ခြင်းနှင့် ခန့်အပ်ခြင်း၊ Head of Corporate Affairs တာဝန်ခန့်အပ်ခြင်းအား အသိပေးကြေငြာခြင်း

**MTSH**

- GCL Solar Panels အရောင်းကိုယ်စားလှယ်အဖြစ် သဘောတူစာချုပ်ရေးထိုးမှုအားအသိပေးကြေညာခြင်း

**MCB**

- ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးကြေညာခြင်း

**FPB**

- အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

**EFR**

- စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များ
- အမှုဆောင်အရာရှိချုပ်နုတ်ထွက်ခြင်းနှင့် အသစ်ပြန်လည်ခန့်ထားခြင်း

**AMATA**

- ဘဏ္ဍာရေးရှင်းတမ်းထုတ်ပြန်ကြေညာခြင်း
- စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များ ကုမ္ပဏီလိပ်စာပြောင်းလဲခြင်းအား အသိပေးကြေညာခြင်း

**MAGDPL**

- ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အတွက်အကျဉ်းချုံးဘဏ္ဍာရေးစာရင်းများ တင်ပြခြင်း

## LISTED & REGISTERED COMPANIES UPDATES (Q4-2024-25)

■ **FMI | Jan 2025**
**လက်အောက်ခံ ကုမ္ပဏီ၏ စာရင်းစစ် အစီရင်ခံစာ ပြီးစီးကြောင်းထုတ်ပြန်ကြေငြာခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲတစ်ခုဖြစ်သော ရိုးမဘဏ်၏စာရင်းစစ်အစီရင်ခံစာ ပြီးစီးကြောင်းအများပြည်သူထံသို့ အသိပေးကြေငြာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/MPmr8

■ **FMI | Mar 2025**
**စက်တင်ဘာလအထိခြောက်လစာ စာရင်းစစ်အခြေအနေများတင်ပြခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၅ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင် စက်တင်ဘာလကုန်အထိ ခြောက်လစာစာရင်းစစ်အခြေအနေများအား အစုရှယ်ယာရှင်များထံ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/8JKfR

■ **FMI | Mar 2025**
**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေငြာခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၅ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင် ၂၀၂၄ခုနှစ် ၏နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ်စီမံခန့်ခွဲရေး အဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေငြာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/CvQbi

■ **FMI | Mar 2025**
**Head of Finance တာဝန်မှနုတ်ထွက်ခြင်းနှင့် ခန့်အပ်ခြင်း ၊ Head of Corporate Affairs တာဝန်ခန့်အပ်ခြင်းအားအသိပေးကြေငြာခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် Head of Financeတာဝန်ခံ ရာထူးမှနုတ်ထွက်ခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်း ၊ Head of Corporate Affairs ရာထူးတာဝန်ခံ ခန့်အပ်ခြင်းအား အများပြည်သူထံသို့ အသိပေးကြေငြာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်;https://shorturl.at/cmmhS

■ **MTSH | Feb 2025**
**GCL Solar Panels အရောင်းကိုယ်စားလှယ်အဖြစ် သဘောတူစာချုပ်ရေးထိုးမှုအားအသိပေးကြေညာခြင်း**
MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင်GCL Solar Panels နှင့်တစ်ဦးတည်းမဟုတ်သောဖြန့်ဖြူးခွင့် အရောင်းကိုယ်စားလှယ်အဖြစ် သဘောတူညီချက်စာချုပ်ရေးထိုးမှုအား အစုရှယ်ယာရှင်များကိုအသိပေးကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/XpiJe

■ **MCB | Mar 2025**
**ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးကြေညာခြင်း**
၂၀၂၅ ခုနှစ်၊မတ်လ (၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှတောင်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် (၅၈)ခုမြောက် ဘဏ်ခွဲအသစ်ဖွင့်လှစ်မှုအားလူထုသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/qkCCi

■ **FPB | Jan 2025**
**အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း**
၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ အစားထိုးအရွေးခံမည့် ဒါရိုက်တာများနေရာနှင့်ပတ်သတ်၍ အစုရှယ်ယာရှင်များသို့ အကြောင်းကြားစာ ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/rn8SU

■ **EFR | Jan 2025**
**စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များ**
၂၀၂၅ခုနှစ်၊ဇန်နဝါရီလ (၁၀)ရက် ရက်နေ့တွင် ထာဝရနန္ဒအုပ်စု ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေး နှစ်ဝက် ကာလအတွက် လုပ်ငန်းရလဒ်များအား စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးမှုများနှင့် ခွဲခြမ်းစိတ်ဖြာမှု အစီရင်ခံစာအား အစုရှယ်ယာရှင်များသို့ အသိ ပေး ထုတ် ပြန် ခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/GMDeW

■ **EFR | Feb 2025**
**အမှုဆောင်အရာရှိချုပ်နုတ်ထွက်ခြင်းနှင့် အသစ်ပြန်လည်ခန့်ထားခြင်း**
၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ထာဝရနန္ဒအုပ်စု ကုမ္ပဏီလီမိတက်မှအမှုဆောင်အရာရှိချုပ်မှုလတာဝန်မှအနားယူခြင်းနှင့် အစားထိုးအမှုဆောင်အရာရှိ ချုပ် အသစ်ပြန်လည်ခန့်ထားခြင်းအား အစုရှယ်ယာရှင်များထံသို့ အသိပေးကြေငြာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/vojLM

■ **AMATA| Dec 2025**
**ဘဏ္ဍာရေးရှင်းတမ်းထုတ်ပြန်ကြေညာခြင်း**
၂၀၂၅ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် Amata ကုမ္ပဏီသည် ၂၀၂၄ခုနှစ် ပထမနှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းများ စာရင်းစစ်ပြီးအခြေအနေကို အစုရှယ်ယာရှင်များထံသို့ ထုတ်ပြန်အသိပေးခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/vWHI

■ **AMATA | Feb 2025**
**စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များ**
၂၀၂၅ခုနှစ်၊ဖေဖော်ဝါရီလ (၁၀)ရက် ရက်နေ့တွင် AMATAအုပ်စု ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေး နှစ်ဝက် ကာလအတွက် လုပ်ငန်းရလဒ်များအား စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးမှုများနှင့် ခွဲခြမ်းစိတ်ဖြာမှု အစီရင်ခံစာအား အစုရှယ်ယာရှင်များသို့ အသိ ပေး ထုတ် ပြန် ခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/vhNsu

■ **AMATA | Mar 2025**
**ကုမ္ပဏီလိပ်စာပြောင်းလဲခြင်းအား အသိပေးကြေညာခြင်း**
AMATA အုပ်စုကုမ္ပဏီသည်ကုမ္ပဏီမှတ်ပုံတင်လိပ်စာပြောင်းလဲခြင်းအား ၎င်း၏စီးပွားဖက်များနှင့်အစုရှယ်ယာရှင်များအား ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်အသေးစိတ်ကြည့်ရှုရန်; : https://shorturl.at/xwxIM

■ **MAGDPL | Feb 2025**
**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အကျဉ်းချုံးဘဏ္ဍာရေး စာရင်းများတင်ပြခြင်း**
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်မှ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက်ပထမနှစ်ဝက် ၆လစာ အကျဉ်းချုံးဘဏ္ဍာရေး စာရင်းများအား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာ စာထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/Un460

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ

## Continuous Trading + Block Trading (Main Board+ Pre Listing Board )


| STATISTCS AT A GLANCE | Q3-24/25 (Oct -Dec) | Q4-24/25 (Jan-Mar) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | ၅၆ | ၆၀ | (၇%) |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | ၈ | ၈ | |
| မှတ်ပုံတင်ကုမ္ပဏီအရေအတွက် | ၁ | ၁ | |
| စတော့အညွှန်းကိန်း (MYANPIX) | ၃၉၀.၆၈ | ၃၆၃ | (၈%) |
| စတော့အညွှန်းကိန်း (PLB Index) | ၁၄၀၉.၀၉ | ၁,၇၅၀ | ၁၉% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (Main Board) | ၅၅၆,၃၂၅ | ၄၀၁,၇၈၅ | (၃၈%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (PLB) | ၇,၂၈၈ | ၁၉,၆၀၂ | ၆၃% |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (MB+PLB)** | ၅၆၃,၆၁၃ | ၄၂၁,၃၈၇ | (၃၄%) |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ (MB+PLB)** | ၁၀,၀၆၅ | ၇,၀၂၃ | (၄၃%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB) | ၁,၉၂၇ | ၁,၂၃၄ | (၅၆%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB) | ၄၁ | ၆၀ | ၃၂% |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၁,၉၆၈ | ၁,၂၉၄ | (၅၂%) |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၃၅ | ၂၂ | (၆၃%) |
| **ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB+PLB)** | ၇၆၈,၀၇၄ | ၆၈၄၅၄၇ | (၁၂%) |

စာမျက်နှာ- ၃ သို့


# QUARTERLY STOCK PERFORMANCE (Q4- 2024-25)

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


Continuous Trading Only





**Total Trading Volume: ၃၆,၁၄၄**
**Total Trading Value: MMK ၂၇၅.၄၄ mil**





**Total Trading Volume: ၉၇,၇၆၂**
**Total Trading Value: MMK ၂၉၄.၉ mil**





**Total Trading Volume: ၂,၃၄၈**
**Total Trading Value: MMK ၁၈.၄၇ mil**





**Total Trading Volume: ၅၇,၉၂၄**
**Total Trading Value: MMK ၁၀၅.၉၈ mil**





**Total Trading Volume: ၈,၇၅၅**
**Total Trading Value: MMK ၂၆.၉၁ mil**





**Total Trading Volume: ၄၈,၇၇၅**
**Total Trading Value: MMK ၇၉.၁၃ mil**





**Total Trading Volume: ၂၀,၄၃၇**
**Total Trading Value: MMK ၈၀.၈၈ mil**





**Total Trading Volume: ၂၃,၅၉၃**
**Total Trading Value: MMK ၇၅.၁၃ mil**




**Total Trading Volume: ၂၉၅,၇၃၈**
**Total Trading Value: MMK ၉၅၆.၈၄ mil**




**Total Trading Volume: ၁၉,၆၀၂**
**Total Trading Value: MMK ၅၉.၆၅ mil**




**Total Trading Volume: ၁၉,၆၀၂**
**Total Trading Value: MMK ၅၉.၆၅ mil**